## မာတိကာ


* ပထမတွဲ အမှာ ... ၇
* ဒုတိယတွဲ အမှာ ... ၈
* နိဒါန်း ... ၉
* ဦးလေးမောင် ... ၁၀
* မှတ်တမ်းဓာတ်ပုံများ
\- အခန်း ၁
ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၁၃
\- အခန်း ၂
ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၃၃
\- အခန်း ၃
တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၄၅
\- အခန်း ၄
ကျွန်ဘဝသို့ ... ၅၅
\- အခန်း ၅
နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ က ... ၆၁
\- အခန်း ၆
ဝိုင်အမ်ဘီအေ ညီလာခံများ ... ၆၅
\- အခန်း ၇
သံဃသာမဂ္ဂီအဖွဲ့များ ... ၉၉
\- အခန်း ၈
ဂျီစီဘီအေ နဝမကွန်ဖရင့် ... ၁၀၃
\- အခန်း ၉
ဂျီစီဘီအေနှင့် ၂၁ ဦး ... ၁၂၁
\- အခန်း ၁၀
ဒိုင်အာခီစနစ် လာပြီ ... ၁၃၃
\- အခန်း ၁၁
သပိတ်မှ အခွန် မပေးရေးသို့ ... ၁၃၇
\- အခန်း ၁၂
ဂျီစီဘီအေ အစိတ်စိတ်ကွဲခြင်းနှင့် ကွန်ဖရင့်များ ... ၁၄၉
\- အခန်း ၁၃
အာဇာနည် အရှင် ဦးဝိစာရ ... ၁၇၃
\- အခန်း ၁၄
တောင်သူလယ်သမား အရေးတော်ပုံ ... ၁၈၅
\- အခန်း ၁၅
ဗိလတ် မျက်နှာစုံညီအစည်းအဝေးများ ... ၁၉၅
\- အခန်း ၁၆
တို့ဗမာ (သခင်) အစည်းအရုံး ပေါ်ပေါက်လာခြင်း ... ၁၉၉
\- အခန်း ၁၇
ခွဲရေးတွဲရေး ... ၂၁၁
\- အခန်း ၁၈
၉၁ ဌာန အုပ်ချုပ်ရေးသို့ ... ၂၁၇
\- အခန်း ၁၉
ဒုတိယ ကျောင်းသားသပိတ်ကြီး ... ၂၃၉
\- အခန်း ၂၀
ကုလား-ဗမာ အဓိကရုဏ်း ... ၂၄၉
\- အခန်း ၂၁
၁၃၀၀ ပြည့် အရေးတော်ပုံ ... ၂၅၃
\- အခန်း ၂၂
နောက်လာတဲ့ မောင်ပုလဲ(လည်း) ... ၂၇၃
\- အခန်း ၂၃
နိုင်ငံရေး နိုးကြားလာခြင်းနှင့် အပျော်တမ်းတပ်ဖွဲ့များ ... ၂၈၁
\- အခန်း ၂၄
ဝါးရင်းတုတ်ထမ်းလို့ မျှော် ... ၂၈၇
\- အခန်း ၂၅
ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းခြင်း ... ၂၉၁
\- အခန်း ၂၆
ရဲဘော် ၃ ကျိပ် ... ၂၉၇
\- အခန်း ၂၇
ဗမာ့လွတ်လပ်ရေး တပ်မတော် ... ၃၀၃
\- အခန်း ၂၈
ဂျပန် လက်အောက်တွင် ... ၃၂၃
* နိဂုံး ... ၃၃၃
* ဝေါဟာရများ ... ၃၃၅
* အက္ခရာစဉ် အညွှန်း ... ၃၄၃
* ကိုးကားမှီငြမ်းပြုသော စာအုပ်စာတမ်းများ ... ၃၇၁


## ပထမတွဲ အမှာ

ဤ 'မြန်မာ့နိုင်ငံရေးသမိုင်း' ကို ဗမာ့ခေတ် နေ့စဉ်သတင်းစာ၌ ၁၉၅၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ကာလအတွင်း ဆောင်းပါးရှည်ကြီးအနေဖြင့် ရက်ခြား ရေးသားဖော်ပြခဲ့၏။ ယခုကျမ်းသည် ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အဆိုပါ ဆောင်းပါးများကို စုပေါင်း၍ ထပ်မံပြင်ဆင် ရေးသားထားသောကျမ်း ဖြစ်ပေသည်။

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်နှင့် စပ်လျဉ်း၍ စာအုပ်စာတမ်းအနည်းငယ် ထွက်ပေါ်လာကြပြီးသည်တို့အနက်၊ ဤကျမ်းသည်လည်း 'အားကိုးအားထား ပြုနိုင်လောက်သည်အထိ ပြည့်စုံလုံလောက်သော ကျမ်းတစ်စောင်ဖြစ်မည်'ဟု အများက ယူဆလက်ခံပြီးဖြစ်၏။ ယခင်က ဦးဘခိုင်ရေးသော 'မြန်မာနိုင်ငံရေးရာဇဝင်' နှင့် တိုးတက်ရေးသတင်းစာ အယ်ဒီတာချုပ် ဦးထွန်းသန်း ရေးသားသော 'နိုင်ငံရေးရှင်းတမ်း'တို့ ပေါ်ထွက်ပြီး ဖြစ်၏။ ယင်းကျမ်း ၂ စောင်လုံးတို့သည် သီပေါမင်းပါတော်မူသည်မှ ၉၁ ဌာနအုပ်ချုပ်ရေး စတင်သော ၁၉၃၇ ခု ဧပြီလ ၁ ရက်နေ့အထိ ကာလအတွင်း ဖြစ်ပွားသောအဖြစ်အပျက်များကိုသာ မှတ်တမ်းတင်သွားကြောင်း တွေ့ရှိရ၏။

ဦးလေးမောင်၏ 'မြန်မာ့နိုင်ငံရေးသမိုင်း'တွင်မူကား ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမ စစ်ပွဲကာလမှ ၁၉၄၃-၄၄ ခုနှစ် ဂျပန်များ မြန်မာပြည်တွင် အုပ်စိုးသောအချိန်ကာလအတွင်းအထိ ဖြစ်ပေါ်ခဲ့သော သမိုင်းတင်သင့်သည့် အဖြစ်အပျက်များကို သေချာကျနစွာ ဖော်ပြထားလေသည်။ ယခင်ဖော်ပြခဲ့သော ကျမ်းများထက် ဦးလေးမောင်၏ 'မြန်မာ့နိုင်ငံရေးသမိုင်း' ကျမ်းက ပိုမိုပြည့်စုံကြောင်း တွေ့ရပေသည်။

ယခုအခါ၌ သမိုင်းသုတေသီများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာရေးဆရာ၊ သတင်းစာဆရာများ စသည်တို့အတွက် ပြည့်စုံသော သမိုင်းကျမ်းများ အထူးလိုအပ်နေကြောင်းကို တွေ့ရှိနေရပေသည်။

ထို့ကြောင့် 'မြန်မာ့နိုင်ငံရေးသမိုင်း' ကျမ်းစာအုပ်သည် ယင်းလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်မည်ဟု ယုံကြည်ရပါကြောင်း အစီရင်ခံပါသည်။

နတ်မောက် ဘုန်းကျော်
တည်းဖြတ်သူ

## ဒုတိယတွဲ အမှာ

ဦးလေးမောင် (အာလံ ဦးလာဘ) ပြုစုသည့် 'မြန်မာ့နိုင်ငံရေးသမိုင်း'၏ ထူးခြားသော ဝိသေသလက္ခဏာရပ်များအချို့ကို ပထမတွဲ၏အမှာစာတွင် သီးခြားဖော်ပြခဲ့ပြီး ဖြစ်၏။ ပထမတွဲတွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလမှ စတင်ကြီး 'ဂျီစီဘီအေ အဖွဲ့ချုပ်ကြီး' အစိတ်စိတ် ကွဲပြားသွားရခြင်း အကြောင်းရင်းများနှင့် ယင်း အစိတ်စိတ် ကွဲပြားသွားခဲ့သော ဂျီစီဘီအေအဖွဲ့ အသီးသီးတို့၏ အကြောင်းခြင်းရာများကို အသေးစိတ်တင်ပြခဲ့ပြီး ဖြစ်သည်။

ယခု ဒုတိယတွဲတွင် ဒိုင်အာခီ လက်ပါးစေအစိုးရ၏ ရက်စက်ဖိနှိပ်မှုကြောင့် အာဇာနည် အရှင် ဦးဝိစာရကိုယ်တော် ပျံလွန်တော်မူရခြင်းမှ စတင်ပြီး၊ တွဲရေးခွဲရေး၊ ၉၁ ဌာန အုပ်ချုပ်ရေးများအပါအဝင် ပြည်သူလူထု လှုပ်ရှားမှုများ၊ ၁၃၀၀ ပြည့် အရေးတော်ပုံဖြစ်ရပ်များ၊ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်တပ်များ မြန်မာပြည်သို့ ရောက်ရှိလာပုံ၊ စစ်အတွင်း ဂျပန်လက်အောက်တွင် မြန်မာတို့ နေထိုင်လှုပ်ရှားရပုံ၊ မြန်မာ့စစ်တပ် တည်ထောင်ပုံများနှင့်တကွ စစ်အပြီး ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရရှိသည်အထိ အကြောင်းခြင်းရာများကို တင်ပြထားကြောင်း ဖတ်ရှုကြရပါမည်။ 'မြန်မာ့သမိုင်းစဉ်များကို ဖော်ပြရာ၌ ရုပ်လုံးပေါ်ပါသည်။'ဟု ဆိုထိုက်ပါသည်။ အချို့သော အကြောင်းအရာများ၌ စာပြုသူနှင့် တည်းဖြတ်သူ ၂ ဦးလုံးတွင် အချိန်ယူ၍ မဆောင်ရွက်နိုင်ခြင်းကြောင့် အချက်အလက် မပြည့်စုံသေးကြောင်း သိပါလျက်နှင့် ဖြည့်စွက်ခွင့် မရလိုက်သည်လည်း ရှိပါသည်။ ဥပမာ-ကျောင်းသား သံမဏိတပ်၊ ဖက်ဆစ်တော်လှန်ရေး၊ စသည်များ။

'မြန်မာ့နိုင်ငံရေးသမိုင်းကျမ်း' သည် ပြီးပြည့်စုံသောကျမ်းကြီးတစ်ကျမ်း မဟုတ်စေကာမူ 'ထူးခြားသစ်လွင်သော ခံယူချက်နှင့် အသွင်လက္ခဏာဆောင်သော ကျမ်းတစ်စောင် ဖြစ်ကြောင်း' ဖတ်ရှုကြသောအခါ တွေ့ရှိကြရမည် ဖြစ်ပါကြောင်း။

နတ်မောက် ဘုန်းကျော်
တည်းဖြတ်သူ
၁၀-၁၀-၇၃